
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**e-Newsletter**

**Vol.1 No.10 October**

## အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် "Interactive Dialogue on Universal human rights to a healthy, sustainable environment- the role of NHRIs" နှင့် ဖိုရမ်၏ ၂၇ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တက်ရောက်ခြင်း



စက်တင်ဘာလ ၁၅ ရက်


အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) က ကြီးမှူး၍ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော "Interactive Dialogue on universal human rights to a healthy, sustainable environment – the role of NHRIs" နှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော ဖိုရမ်၏ ၂၇ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့သည် virtual online platform စနစ်အသုံးပြု၍ ပါဝင် တက်ရောက်ခဲ့ပါသည်။

ဖိုရမ်၏ "Interactive Dialogue on universal human right to a healthy, sustainable environment the role of NHRIs" သို့ အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖီဂျီနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်က လေ့လာသူအဖြစ် တက်ရောက်ခဲ့ကာ စုစုပေါင်း (၇၅) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့ပါဝင် တက်ရောက်ခဲ့ပါသည်။


"Interactive Dialogue on universal human rights to a healthy, sustainable environment – the role of NHRIs" တွင် Special Rapporteur on the promotion and protection of human rights in the context of climate change ဖြစ်သူ Dr. Ian Fry နှင့် ဖိလစ်ပိုင်နိုင်ငံ၊ မော်လ်ဒိုက်ဗ်နိုင်ငံ၊ ဆာမိုအာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီရတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ပါလက်စတိုင်း လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အကြီးတန်းအရာရှိတို့က ရာသီဥတုပြောင်းလဲမှု အခြေအနေများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် လူ့အခွင့်အရေးနစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်းပြီး ဆွေးနွေးပြောကြားခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော ဖိုရမ်၏ ၂၇ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ လက်ရှိ ဥက္ကဋ္ဌဖြစ်သူ Emeritus Professor Rosalind Croucher AM၊ ဖိုရမ်မှ အကြီးတန်းအရာရှိများ၊ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမွန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့ပါဝင် တက်ရောက်ခဲ့ပါသည်။

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် APF ၏ ၁-၇-၂၀၂၁ ရက်နေ့မှ ၃၀-၆-၂၀၂၂ ရက်နေ့ အထိ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ တင်ပြဆွေးနွေးခြင်း၊ APF ၏ ကျား-မ တန်းတူညီမျှမှုနှင့် စပ်လျဉ်းသည့် မဟာဗျူဟာ အစီရင်ခံစာ တင်ပြဆွေးနွေးခြင်း၊ APF ၏ ဘဏ္ဍာရေးစာရင်းရှင်းလင်းချက်ကို ဖိုရမ် အဖွဲ့ဝင်များသို့ တင်ပြဆွေးနွေးခြင်း၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions – GANHRI)၏ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေးကော်မတီ (Sub-Committee on Accreditation – SCA) က ဖိုရမ်အဖွဲ့ဝင် အီရတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များအား အဆင့်သတ်မှတ်မှု အခြေအနေကို တင်ပြဆွေးနွေးခြင်း၊ ဖီဂျီနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ APF အဖွဲ့ဝင်အဖြစ် လျှောက်ထားတင်ပြမှုကို တင်ပြဆွေးနွေးခြင်း၊ APF Governance Committee ဝင်အသစ်များ ရွေးချယ်ခြင်း၊ GANHRI ဥက္ကဋ္ဌ၏ အစီရင်ခံစာ ဖတ်ကြားဆွေးနွေးခြင်း၊ GANHRI Bureau အတွက် APF ၏ ကိုယ်စားလှယ်ရွေးချယ်ခြင်း၊ GANHRI ၏ Sub-Committee on Accreditation (SCA) အတွက် APF ၏ ကိုယ်စားလှယ်ရွေးချယ်ခြင်း၊ အထွေထွေ ကိစ္စရပ်များဆွေးနွေးခြင်းစသည့် ကိစ္စရပ်များကို ဖိုရမ်အဖွဲ့ဝင်များအကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။



# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယ အကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် တက်ရောက်ခြင်း




စက်တင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင် အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SE-ANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး (2nd Technical Working Group Meeting) ကို ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ Hybrid format ဖြင့် ကျင်းပခဲ့ပါသည်။


လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့ခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Face to Face တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Virtual Online Platform အသုံးပြု၍ တက်ရောက်ခဲ့ကြကာ ဖိုရမ်အဖွဲ့ဝင် လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကော်မရှင် ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ စုစုပေါင်း (၆၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ်၊ မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိက တာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဖိလစ်ပိုင်နိုင်ငံရှိ Plan International အဖွဲ့အစည်းမှ "The Girls' Leadership Index and the APAC Girls'" နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် SEANF နှင့် FORUM-ASIA/ ANNI တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ၁၉ ကြိမ်မြောက် SE-ANF နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ အစရှိသည့် လူ့အခွင့်အရေးကိစ္စရပ်များကို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးအပြီး ကာလအတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်ကလည်းကောင်း၊ SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ၏ ဦးစားပေးကိစ္စရပ်အမှတ် (၂) "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းကလည်းကောင်း တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ဖိုရမ်၏ ၁၉ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ Hybrid format ဖြင့် ကျင်းပသွားရန် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ကနဦးသဘောတူညီမှု ရရှိခဲ့ကြပါသည်။

# နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း




စက်တင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်သည် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသည့် သံတမန်ရေးရာ သင်တန်း (Course in Diplomacy–CID) အမှတ်စဉ် (၇/ ၂၀၂၂) သို့ ၂၃-၉-၂၀၂၂ ရက်နေ့ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) မှတစ်ဆင့် Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံ အယူအဆများ၊ လူ့အခွင့်အရေးနောက်ခံသမိုင်းအကျဉ်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေ အနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR)၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ထူထောင်မှု Establishment of NHRIs နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၃၇) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ပြန်လည်ဖြေကြားခဲ့ပါသည်။

# ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း

စက်တင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ပုံမှန်အစည်းအဝေးအမှတ်စဉ် (၉/ ၂၀၂၂) ကို ၃၀-၉-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၂) ကို ၆-၉-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊



အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာ သန်းမြင့်၊ ဒေါ်နုနုယဉ်နှင့် ဦးတင်အောင် အထူးဖိတ်ကြား ခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး အစီအစဥ် ဆောင်ရွက်ခြင်း



စက်တင်ဘာလ ၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသိပညာပေးလုပ်ငန်းသည်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေသည် ဖြစ်ရာ ကော်မရှင်၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု မရှိစေရေး၊ ကော်မရှင်ရုံးရှိ ဝန်ထမ်းများ အဂတိလိုက်စားမှုမှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများရရှိစေရေး၊ အဂတိ လိုက်စားခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်း ဆက်နွယ်နေသည့် အကြောင်းအရာများကို အသိပညာပေးရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အကြောင်းကို ကော်မရှင်ရုံးရှိ ဝန်ထမ်းများ သိရှိနားလည်လာစေရေးစသည်တို့ကို ရည်ရွယ်လျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာ ပေးအစီအစဉ်ကို စက်တင်ဘာလ (၉) ရက်နေ့ နံနက် (၁၀:၃၀) နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့ပါသည်။ အဆိုပါအစီအစဉ်၏ ဖွင့်ပွဲအခမ်းအနားတွင် ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အသိပညာပေး အစီအစဉ်တွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ အကြောင်းကို လည်း ကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းမှ အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသူရကျော်မှ ကော်မရှင်မှ လက်ခံရရှိသည့် အဂတိလိုက်စားမှုနှင့် ဆက်နွယ်သည့်အမှုများအကြောင်းတို့ကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြပြီး ကော်မရှင်ရုံးချုပ်မှ ဒုတိယလူ့အခွင့်အရေးဦးစီးမှူးနှင့်အထက် အရာထမ်း (၃၈) ဦး တက်ရောက်ခဲ့ကြပြီး နေပြည်တော် (ရုံးခွဲ)၊ မန္တလေး (ရုံးခွဲ)၊ စစ်တွေ (ရုံးခွဲ) နှင့် ပုသိမ် (ရုံးခွဲ) တို့မှ ဝန်ထမ်း (၅) ဦးတို့သည် Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

## ဌာနအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကြီးကြပ်ရေးအဖွဲ့အစည်းအဝေး (၂/၂၀၂၂) ကျင်းပခြင်း

စက်တင်ဘာလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ဌာနတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ၊ ထိန်းချုပ်၊ ကြီးကြပ်ရေးအဖွဲ့အစည်းအဝေး (၂/၂၀၂၂) ကို ၂၂-၉-၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် ကော်မရှင်ရုံးချုပ်ရှိ Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဒေါက်တာသန်းမြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ ဌာနတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။ အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက်

ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် Version 4.0” နှင့် “လူအများစုဝေး နေထိုင်ရာ (Institution) များတွင် စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများလိုက်နာ ဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန် Version 2.0” တို့အရ လိုက်နာဆောင် ရွက်မည့် ကိစ္စရပ်များ၊ ဌာနတွင်း ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဥ်းသည့် ညွှန်ကြားချက်များ၊ ဆောင်ရွက်ရမည့် ကိစ္စတို့အား ဆွေးနွေးခဲ့ပြီး အစည်းအဝေးအား (၁၄:၂၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အစည်းအဝေး (၂/၂၀၂၂) သို့ တက်ရောက်ခြင်း

စက်တင်ဘာလ ၁၂ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၂-၉-၂၀၂၂ ရက်နေ့တွင် Zoom Application ဖြင့် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အစည်းအဝေး (၂/၂၀၂၂) သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။




## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘဲလင်း (၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် မန္တလေးမြို့ပေါ်ရှိ လူငယ်သင်တန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



စက်တင်ဘာလ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၉-၂၀၂၂ ရက်နေ့မှ ၁၆-၉-၂၀၂၂ ရက်နေ့အထိ စဥ့်ကိုင်မြို့နယ်ရှိ ဘဲလင်း (၁)၊ ဘဲလင်း (၂) ကုန်ထုတ်စခန်းများနှင့် မန္တလေးမြို့ရှိ နားမကြားသော ကလေးများကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မန္တလေးလူငယ်သင်တန်းကျောင်းနှင့် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးစဉ်

ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားများကို အဆောင်လိုက် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ သောက်ရေ/သုံးရေ သုံးစွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

လူငယ်သင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးစဉ် ကလေးသူငယ်များကို စာသင်ဆောင် အလိုက် တွေ့ဆုံကာ ယင်းတို့၏ နေထိုင်စားသောက်မှု၊ သောက်ရေ/သုံးရေ သုံးစွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်း ရှိမရှိနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ကလေးသူငယ်များအား ယင်းတို့၏ ပညာရေး၊ ကျန်းမာရေးများနှင့် စပ်လျဉ်း၍ အားငယ်မှုမရှိဘဲ ကြိုးစားနေထိုင် ရပ်တည်သွားကြရန် အားပေးစကား ပြောကြားခဲ့ပါသည်။

အကျဉ်းစခန်းများနှင့် လူငယ်သင်တန်းကျောင်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် လုပ်အားရှင် အကျဉ်းသားများနှင့် ကလေးသူငယ်များ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သောက်ရေ/သုံးရေကန်များ၊ သန့်စင်ခန်းများသန့်ရှင်းမှု ရှိ မရှိကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းစခန်းများရှိ လုပ်အားရှင်အကျဉ်းသားများနှင့် လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၄၅၀ အုပ်နှင့် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၄၅၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများက လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့ တွေ့ဆုံဆွေးနွေးခြင်း

စက်တင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၉-၂၀၂၂ ရက်နေ့မှ ၁၆-၉-၂၀၂၂ ရက်နေ့အထိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ဘဲလင်း (၁) ကုန်ထုတ်စခန်း၊ ဘဲလင်း (၂) ကုန်ထုတ်စခန်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ နားမကြားသောကလေးများကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မန္တလေးလူငယ်သင်တန်းကျောင်းနှင့် ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းများအား ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများကို မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ၁၄-၉-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ (၁၅:၃၀) အချိန်တွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင်ဦးမောင်ကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့မှ မိတ်ဆက်စကား ပြောကြားခဲ့ပါသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights–UDHR)၊ ကော်မရှင်၏ ၁၀ နှစ်တာခရီးစာအုပ်၊ ကော်မရှင်၏ မှတ်စုစာအုပ် (Note Book) နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး




ကော်မရှင်မှ ထုတ်ဝေသော Pamphlet များကို ပေးအပ်ခဲ့ပါသည်။”

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၁၇) စောင်လက်ခံရရှိခဲ့ပါသည်။ ဇူလိုင်လ တိုင်တန်းချက် လက်ကျန် (၁၃) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၃၀) စောင်ရှိပြီး တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၂) ကြိမ် ကျင်းပ ပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၆ ) စောင်ကို လိုအပ်သလို စိစစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၂ ) စောင်ကို ကာယကံရှင်ထံ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပါသည်။။ တိုင်တန်းချက် ( ၁၇ ) စောင်ကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ၃၂ (ဂ) အရ ပိုမို သင့်လျော်သော နည်းလမ်းဖြင့် ကုစားနိုင်၍လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ အထောက်အထား မပြည့်စုံ၍လည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ ဩဂုတ်လတွင် ဆောင်ရွက်ရန် တိုင်တန်းချက် (၅) စောင် ကျန်ရှိပါသည်။

# စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး ကျင်းပခြင်း



စက်တင်ဘာလ ၂၂ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum- SEANF) ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ်အမှတ် (၂)၊ "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်များကို အကောင်အထည်ဖော်ရေးအတွက် ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် လုပ်ငန်းရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဖိုရမ်အဖွဲ့ဝင် လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော "စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWGBHR)" ကို ဖွဲ့စည်းခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် "စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWGBHR) ၏ ပထမအကြိမ်အစည်းအဝေး" ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ Zoom Platform မှ တစ်ဆင့် ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်း၊ ဦးစီးအရာရှိများဖြစ်ကြသည့် ဦးမျိုးလှိုင်မြင့်ထွန်းနှင့် ဒေါ်သူဇာစံ၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ဒေါ်ထွန်းအိန္ဒြာကျော်နှင့် SEANF အဖွဲ့ဝင်နိုင်ငံများမှ လုပ်ငန်းအဖွဲ့အဖွဲ့ဝင်ကိုယ်စားလှယ်များ စုစုပေါင်း ၁၄ ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းအဖွဲ့၏ Term of Reference (ToR) နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆွေးနွေးမှုများ ပြုလုပ်ကြကာ ToR ကို အတည်ပြုခဲ့ကြပါသည်။ ဆက်လက်၍ SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ၏ ဦးစားပေး ကိစ္စရပ် အမှတ် (၂) အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ စိန်ခေါ်မှု အခက်အခဲများကို လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက အစည်းအဝေးသို့ တင်ပြဆွေးနွေးပြီး အစည်းအဝေး တက်ရောက်ကြသည့် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ရုံးဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကျင်းပ



စက်တင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ လစဉ် တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲကို ၂၆-၉-၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် ကော်မရှင်ရုံးချုပ်ရှိ Conference Room ၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ညွှန်ကြားရေးမှူးများနှင့် ကော်မရှင်ရုံးဌာနများမှ ဝန်ထမ်း ၃၃ ဦးတက်ရောက်ခဲ့ကြပြီး ကော်မရှင်ရုံးချုပ်ရှိ ကျန်ဝန်ထမ်းများနှင့် ရုံးခွဲများမှ ဝန်ထမ်းများမှာ Zoom Application အသုံးပြုစနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသဖြင့် ကျန်းမာရေးအတွက် ဂရုစိုက်၍ နေထိုင်ကြရန်နှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များအား လိုက်နာကြရန် စသည်ဖြင့် အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားအား (၁၄:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကောမရှင်ရုံးချုပ်နှင့် ပုသိမ် (ရုံးခွဲ) တို့တွင် ခန့်အပ်ခဲ့သည့် အငယ်တန်းစာရေးနှင့် အကြီးတန်းစာရေးများအား On Job Training ပြုလုပ်ခြင်း



စက်တင်ဘာလ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် ၈-၉-၂၀၂၂ ရက်နေ့၌ ခန့်အပ်ခဲ့သည့် အငယ်တန်းစာရေး (၅) ဦးအားလည်းကောင်း၊ ပုသိမ် (ရုံးခွဲ) တွင် တာဝန်ထမ်းဆောင်ရန်အတွက် ၇-၉-၂၀၂၂ ရက်နေ့တွင် ခန့်အပ်ခဲ့သည့် အကြီးတန်းစာရေး (၁) ဦးအားလည်း ကောင်း ကော်မရှင်ရုံးချုပ်တွင် ၁၅-၉-၂၀၂၂ ရက်နေ့မှ ၁၅-၁၀-၂၀၂၂ ရက်နေ့ထိ (၁) လကြာ On Job Training ပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အမှုထမ်းများအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများမှ ၁၆-၉-၂၀၂၂ ရက်နေ့တွင် နှုတ်ဆက် လမ်းညွှန်ဆုံးမစကား ပြောကြားခဲ့ပါသည်။



## အစည်းအဝေး တက်ရောက်ခြင်း

စက်တင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာခိုင်ခိုင်ဝင်းသည် ၁၅-၉-၂၀၂၂ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇) စာအုပ် ဖြန့်ချိပွဲ အခမ်းအနားသို့လည်းကောင်း၊ ၂၇-၉-၂၀၂၂ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၂၂) အစည်းအဝေးများသို့ Zoom Application အသုံးပြု၍ တက်ရောက်ခဲ့ပါသည်။

## ငွေစာရင်းဆိုင်ရာ လက်စွဲပြုစုရေးအစည်းအဝေး ကျင်းပခြင်း

စက်တင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ငွေစာရင်းဆိုင်ရာလက်စွဲအား ကော်မရှင်မှ တာဝန်ပေးချက်အရ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းဦးဆောင်ပြီး ညွှန်ကြားရေးမှူး ဦးစောလွင်၊ ဒုတိယညွှန်ကြားရေးမှူးများဖြစ်သော ဒေါ်ဝတ်ရည်ဝင်း၊ ဒေါ်မိမိခိုင်နှင့် ဦးဟန်ကိုကိုမျိုးတို့က ပြုစုရေးဆွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၀) ရက်နေ့များ တွင်အစည်းအဝေး (၄) ကြိမ် ပြုလုပ်ခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း

စက်တင်ဘာလ ၂၀ ရက်


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်မည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးအတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကျင်းပရေးလုပ်ငန်းကော်မတီမှ ၁၃-၉-၂၀၂၂) ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုလည်းကောင်း၊ (၂၀-၉-၂၀၂၂) ရက်နေ့တွင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း၏ အစည်းအဝေးကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

"To deny people their human rights are to challenge their very humanity"

"လူအများ၏ လူ့အခွင့်အရေးကို ငြင်းပယ်ခြင်းသည် သူတို့၏ လူသားမျိုးနွယ်ဖြစ်မှုအစစ်အမှန်ကို စိန်ခေါ်ခြင်းပင်ဖြစ်သည်"

Nelson Mandela (1918–2013)

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်) တို့တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း




စက်တင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၇၇) နှင့် (၇၈) တို့၌ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးက တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၂) ၌ လည်းကောင်း ၁၄-၉-၂၀၂၂ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်ထိ Video Conferencing System ဖြင့် တစ်ပြိုင်နက်တည်း သင်ခန်းစာပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းများတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဦးအာကာဟိန်းစိုးတို့က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများကို အသီးသီးပို့ချခဲ့ပါသည်။ သင်တန်းတွင် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၇၇) နှင့် (၇၈) တို့၌ သင်တန်းသားဦးရေ (၂၉) ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၂၁၂) ၌ သင်တန်းသားဦးရေ (၁၂၁) ဦး စုစုပေါင်း သင်တန်းသား ဦးရေ (၁၅၀) ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဦးအာကာဟိန်းစိုးတို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။




## ကော်မရှင်ရုံးဦးစီးယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ယာဉ်များ မော်တော်ယာဉ်ကြံ့ခိုင်ရေး စစ်ဆေးခြင်း


စက်တင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ မော်တော်ယာဉ်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင် ဦးဆောင်၍ အဖွဲ့ဝင်(၄) ဦးပါဝင်သော မော်တော်ယာဉ် ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့သည် ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ညွှန်ကြားရေးမှူးအဆင့်အထိ ဦးစီးယာဉ်များကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဦးစီးယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ ယာဉ်များ၏ ယာဉ်တစ်စီးချင်းအလိုက် အသေးစိတ် စစ်ဆေးခဲ့ပါသည်။

မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးမှုများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (၄) လ (၁) ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။



## Chairman of MNHRC Gives Human Rights lecture at Training of Ministry of Foreign Affairs (Yangon)





September 23

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Hla Myint, the Chairman of MNHRC gave lectures on human rights from Ministry of Foreign Affairs (Yangon) via video conferencing system at the Course in Diplomacy–CID (No. 7/2022) held at the Ministry of Foreign Affairs (Naypyitaw) on 23rd September 2022 from 1:00 pm to 3:50 pm.

In doing so, Chairman U Hla Myint delivered the lectures on human rights such as Human Rights Concept, Background of Human Rights, Universal Declaration of Human Rights (UDHR), United Nations Human Rights Mechanism, Universal Periodic Review (UPR), Establishment of NHRIs and about Myanmar National Human Rights Commission. After that the lecturer answered the questions asked by the trainees. A total of 37 officials attended the above–mentioned course.

---


## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo and Bayintnaung)




September 14

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Zaw Lwin Htoo and U Arkar Hein Soe, Directors of the Commission simultaneously gave lectures on human rights via video conferencing at the Company Commander Training Courses (No.77) and (No.78) held at Myanmar Army Combat Force School (Bayintnaung) and Course (No.212) at MACFS (Bahtoo) on 14 September 2022 from 12:00 pm to 3:00 pm.

In doing so, Directors U Zaw Lwin Htoo and U Arkar Hein Soe respectively delivered the lectures on Human Rights Concept, Universal Declaration of Human Rights and the Establishment of Myanmar National Human Righs Commission and its Activities at the courses of MACFS (Bahtoo and Bayintnaung). After that the lecturers answered the questions asked by the trainees. A total of 350 army officers attended the above–mentioned courses; 121 Officers on the Company Commander Training Course on (No.212) Bahtoo and 229 Officers on (No.77 and No.78) Bayintnaung.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။ဖုန်း – ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

ပုသိမ်မြို့နယ် စုပေါင်းရုံး၊ မဟာစေတီလမ်းမကြီး။

အမှတ် (၁၃) ရပ်ကွက်၊ ပုသိမ်မြို့၊

ဖုန်း – ၀၉၇၉၄၅၀၂၀၂၉

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*

*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*

*e-government@mnhrc.org.mm*